ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်

# အစိုးရသတင်းအချက်အလက်များ စီမံခန့်ခွဲမှုဖွံ့ဖြိုးရေး

## (e-Government)




စာတမ်းတို အမှတ်စဉ် (၁၁၆)

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

## အကျဉ်းချုပ်

မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ e-Government စနစ်အကောင်အထည်ဖော် ဆောင်ရွက်နေမှုသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ e-Government သည် အစိုးရအဖွဲ့အစည်းများ၏ ဝန်ဆောင်မှုဆိုင်ရာ သတင်းအချက်အလက်များကို ဆက်သွယ်ရေးနည်းပညာ (Information Communication Technology-ICT) အသုံးပြု၍ ဆောင်ရွက်ခြင်းဖြင့် ထိရောက်သော ဝန်ဆောင်မှုပေးခြင်းဖြစ်ပါသည်။ UN e-Government Survey 2018 အရ မြန်မာနိုင်ငံ၏ e-Government Development Index (EGDI) သည် ၂၀၁၆ ခုနှစ်တွင် အဆင့် ၁၆၉ မှ ၂၀၁၈ ခုနှစ် တွင် အဆင့် ၁၅၇ သို့ တိုးတက်လာသည်ကို တွေ့ရပါသည်။

ဤစာတမ်းတိုတွင် e-Government ကို နိုင်ငံတော်မှ ဆောင်ရွက်နေမှုများ၊ လက်ရှိဝန်ကြီးဌာနများ၏ ဝန်ဆောင်မှုများကို e-Government စနစ်ဖြင့် ဆောင်ရွက်နေသည့် အခြေအနေများ၊ တိုင်းဒေသကြီးအချို့၏ အစိုးရဌာနများတွင် e-Government စနစ်ဖြင့် ဆောင်ရွက်နေသည့် အခြေအနေများ၊ အစိုးရနှင့်ပြင်ပအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်နေမှုများ၊ e-Government စနစ်ကို ကျင့်သုံးရာ၌ ကြုံတွေ့ရသည့် အခက်အခဲများ၊ လိုအပ်ချက်များ၊ အကျိုးကျေးဇူးများနှင့် ကျွမ်းကျင်ပညာရှင်များ၏အမြင်များ စသည့်အချက်အလက်များကိုစုစည်း၍ လွှတ်တော်ကိုယ်စားလှယ်များ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ရေးသားပြုစုထားခြင်းဖြစ်ပါသည်။

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၄ |
| ၂။ | ရည်ရွက်ချက် | ၄ |
| ၃။ | အချက်အလက်များဖော်ပြမှုနည်းနာနိဿယများ | ၄ |
| ၄။ | e–Government စနစ်ဆိုသည်မှာ | ၅ |
| ၅။ | မြန်မာနိုင်ငံတွင် e–Government စနစ်စတင်ခဲ့မှု | ၅ |
| ၆။ | e–Government အကောင်အထည်ဖော်နေမှု အခြေအနေ | ၆ |
| ၇။ | e–Government ဌာနမှ လက်ရှိဆောင်ရွက်နေသော စီမံကိန်းနှင့် လုပ်ငန်းများ | ၆ |
| ၆။ | e–Government အကောင်အထည်ဖော်ရာတွင် e–ID စနစ်၏ အရေးပါမှု | ၁၀ |
| ၈။ | ဝန်ကြီးဌာနများအလိုက် e–Government စနစ် ဖော်ဆောင်မှုများ | ၁၁ |
| ၇။ | တိုင်းဒေသကြီးအလိုက် e–Government စနစ်ဖော်ဆောင်နေမှု အခြေအနေများ | ၁၂ |
| ၈။ | အစိုးရနှင့် ပြင်ပအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုများ | ၁၄ |
| ၉။ | ဥပဒေပိုင်းဆိုင်ရာ ဆောင်ရွက်ချက်များ | ၁၅ |
| ၉။ | ကြုံတွေ့နေရသည့် အခက်အခဲများနှင့် လိုအပ်ချက်များ | ၁၅ |
| ၁၀။ | e–Government စနစ်၏ အကျိုးကျေးဇူးများ | ၁၆ |
| ၁၁။ | ပညာရှင်များ၏အမြင် | ၁၇ |
| ၁၂။ | နိဂုံး | ၁၈ |

## နိဒါန်း

၁။ မြန်မာနိုင်ငံသည် အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့် ကဏ္ဍများကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာစေရန် အစိုးရလုပ်ငန်းယန္တရားကြီးကို e-Government စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ အစိုးရကချမှတ်ထားသည့် စီးပွားရေးမူဝါဒ ၁၂ ချက်တွင် e-Government စနစ်ဖော်ဆောင်ရန်ပါရှိပါသည်။

၂။ e-Government စနစ်ကို အကောင်အထည်ဖော်ခြင်းသည် အစိုးရနှင့် ပြည်သူလူထုအကြား၊ အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား၊ အစိုးရဌာနအချင်းချင်းတို့အကြား ဆက်သွယ်ဆောင်ရွက်မှုများ လွယ်ကူကောင်းမွန်လာစေရန်၊[1] အဂတိလိုက်စားမှုပပျောက်စေရန်၊ ကြိုးနီစနစ်လျှော့ချရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာသည့် အစိုးရတစ်ရပ်ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဆောင်ရွက်နေခြင်းဖြစ်ပါသည်။[2]

## ရည်ရွယ်ချက်

၃။ ဤစာတမ်းတို၏ ရည်ရွယ်ချက်များမှာ e-Government စနစ်ကို လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ ကမ္ဘာနှင့် ရင်ဘောင်တန်းနိုင်ရန်အတွက် ခေတ်သစ်၊ စနစ်သစ်များကို သိရှိနားလည်စေရန်၊ မြန်မာနိုင်ငံ၏ e-Government ဖွံ့ဖြိုးတိုးတက်မှုကို သိရှိနိုင်ရန်၊ e-Government စနစ်ကို အစိုးရနှင့် ပြင်ပအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်နေမှုများ၊ ကြုံတွေ့နေရသည့် အခက်အခဲများ၊ လိုအပ်ချက်များနှင့် အကျိုးကျေးဇူးများ သိရှိနိုင်စေရန် ရည်ရွယ်ပါသည်။ တင်ပြပါသတင်းအချက်အလက်များအား သိရှိပြီးနောက် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ဆောင်ရွက်ရသော လွှတ်တော်လုပ်ငန်းများတွင် သင့်လျော်သလို ထည့်သွင်းအသုံးပြုနိုင်ရန်ဖြစ်ပါသည်။

## အချက်အလက်များဖော်ပြမှုနည်းနာနိသသယများ

၄။ ဤစာတမ်းတိုတွင် အသုံးပြုထားသော သတင်းအချက်အလက်များကို အစိုးရအသီးသီး၏ website များမှထုတ်ပြန်ထားသော သတင်းအချက်အလက်များ၊ ဂျာနယ်များ၊ သတင်းစာများနှင့်

[1] ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုရရှိရန် e-Government ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးကြောင်း ပြည်ထောင်စုဝန်ကြီးပြောကြား https://myanmar.mmtimes.com/national-news/12639-e-government.html မှရရှိပါသည်။

[2] E-Government ဆိုတာ နိုင်ငံတော်တစ်ခုလုံးနဲ့ဆိုင်တယ် ၂၀၁၈ခုနှစ်၊ ဧပြီလ (၅) ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၃) မှရရှိပါသည်။

နိုင်ငံ့အကြီးအကဲများ၏ ပြောကြားချက်များနှင့် e-Government လုပ်ငန်းစဉ်များ အောင်မြင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများမှ သတင်းအချက်အလက်များ ရယူထားပါသည်။

## e-Government စနစ်ဆိုသည်မှာ

၅။ e-Government စနစ်ဆိုသည်မှာ အစိုးရအဖွဲ့အစည်းများအကြား၊ အစိုးရနှင့် စီးပွားရေး လုပ်ငန်းရှင်များအကြား၊ အစိုးရနှင့် ပြည်သူလူထုအကြားတွင် အပြန်အလှန်ဆက်သွယ်ခြင်း၊ သတင်းအချက်အလက်များပေးခြင်းတို့ကို သတင်းအချက်အလက် နည်းပညာ (Information Communication Technology –ICT) ကို အသုံးပြု၍ မှန်ကန်ထိရောက်စွာ ဝန်ဆောင်မှုပေး သည့် စနစ်ဖြစ်ပါသည်။[3] e-Government စနစ် အကောင်အထည်ပေါ်ပေါက်လာပါက e-Citizen စနစ်၊ e-Service စနစ်၊ e-Adminstration စနစ်၊ e-Management စနစ်၊ e-Commerce စနစ်၊ e-Democracy စနစ်၊ e-Society စနစ် စသည့်တို့ကို တစ်ပြိုင်တည်း ဆောင်ရွက်လာနိုင်မည်ဖြစ် ပါသည်။[4]

## မြန်မာနိုင်ငံတွင် e-Government စနစ်စတင်ခဲ့မှု

၆။ မြန်မာနိုင်ငံတွင် e-Government စနစ်ကို ၂၀၀၀ ပြည့်နှစ်မှစတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးနှင့် လိုအပ်ချက်အမျိုးမျိုးတို့ကြောင့် နှောင့်နှေးခဲ့ရ ပါသည်။ ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်၍ အမျိုးသားအဆင့် e-Government ဦးဆောင်ကော်မတီတစ်ရပ်ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါ ကော်မတီတွင်  လုပ်ငန်းတာဝန် (၅) ရပ် ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက် လျက် ရှိပါသည်။ အစိုးရအနေဖြင့် အမျိုးသားရေး ရည်မှန်းချက်တစ်ရပ်အဖြစ် ချမှတ်ခဲ့သည့် စီးပွားရေးမူဝါဒများတွင် e-Government လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် "Data ID Card System, Digital Government Strategy နှင့် e-Government System တို့ကို ထူထောင်သွားရန်"ဟူသည့် မူဝါဒတစ်ရပ်ကို ၂၀၁၆ ခုနှစ်တွင် ချမှတ်ခဲ့ပါသည်။[5]

---

[3] ဒုတိယသမ္မတဦးမြင့်ဆွေ e-Government Forum 2018 ဖွင့်ပွဲသို့တက်ရောက် အမှာစကားပြောကြား ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ (၆) ရက်နေ့ထုတ် ကြေးမုံ သတင်းစာ စာမျက်နှာ (၄) မှရရှိပါသည်။

[4] e-Government နှင့် ဆိုက်ဘာလုံခြုံရေး ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာမှ ရရှိပါသည်။

[5] e-Government ဆိုတာ နိုင်ငံတော်တစ်ခုလုံးနဲ့ဆိုင်တယ် ၂၀၁၈ ခုနှစ်၊ ဧပြီလ (၄) ရက်နေ့ထုတ် မြန်မာ့အလင်သတင်းစာ စာမျက်နှာ (၃) မှရရှိပါသည်။

**e-Government အကောင်အထည်ဖော်နေမှုအခြေအနေ**

၇။ မြန်မာနိုင်ငံတွင် e-Government စနစ် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အစိုးရဗဟိုရုံးများနှင့် ဝန်ကြီးဌာနအသီးသီးမှ ပါဝင်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် Focal Ministry အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ပြည်ထောင်စုဝန်ကြီးဌာနမှ Focal Ministry အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်နှင့်အညီ သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ e-Government ဌာနသည် အစိုးရအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနအသီးသီးမှ e-Government စနစ် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အဓိကလိုအပ်ချက်များဖြစ်သည့်-

(က) ICT Infrastructure (Network, Data Centers, IACs, etc.,) တည်ဆောက်ပေးခြင်း၊

(ခ) Common Application များ အသုံးပြုနိုင်ရန် ဆောင်ရွက်ဝန်ဆောင်မှုပေးခြင်း၊

(ဂ) နည်းပညာအထောက်အပံ့ပေးခြင်း၊ အကြံပြုခြင်း၊ သင်တန်းများဖွင့်လှစ်ပို့ချပေးခြင်း၊ Seminar, Workshop များ ကျင်းပပြုလုပ်ပေးခြင်း၊

(ဃ) နိုင်ငံတကာချေးငွေ/ ထောက်ပံ့ငွေများဖြင့် e-Government ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) ဝန်ကြီးဌာနများမှ ဆောင်ရွက်လျက်ရှိသော e-Government လုပ်ငန်းစဉ်များအား လေ့လာဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါသည်။

**e-Government ဌာနမှ လက်ရှိဆောင်ရွက်နေသော စီမံကိန်းနှင့် လုပ်ငန်းများ**

**၈။ ICT Infrastructure e-Government ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် ဖော်ပြပါ ICT Infrastructure များကို တည်ဆောက်ဝန်ဆောင်မှု ပေးလျက်ရှိပါသည်-**

**(က) e-Government Wide Area Fiber Network (e-GWAN)**

အစိုးရဌာနအဖွဲ့အစည်းအသီးသီးမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော e-Government လုပ်ငန်းစဉ်များအား ချိတ်ဆက်အသုံးပြု နိုင်ရန်နှင့် e-mail, EDMS, GPMS, CSMS, Myanmar National Portal and Video Conferencing စသည့် Common application

များအား ချိတ်ဆက် အသုံးပြုနိုင်ရန် ရည်ရွယ်၍ နေပြည်တော် e-GWAN ကွန်ယက်အား တည်ဆောက်ချိတ်ဆက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

(ခ) **Government Video Conferencing System/ Network**

နေပြည်တော်ရှိ အစိုးရဗဟိုရုံးများ၊ ပြည်ထောင်စုဝန်ကြီးရုံးများနှင့် ပြည်နယ်/ တိုင်းဒေသကြီး အသီးသီးမှ အစိုးရအဖွဲ့များ၊ ဝန်ကြီးဌာနများအကြား Online အသုံးပြုပြီး၊ အစည်းအဝေးများ ပြုလုပ်နိုင်ရန် Video Conferencing စနစ်အား တည်ဆောက်၍ ဝန်ဆောင်မှု ပေးလျက်ရှိပါသည်။

(ဂ) **Data Center**

နေပြည်တော်ရှိ၊ S12 အိတ်ချိန်း အဆောက်အဦတွင် တည်ရှိသည့် e-Government Data Center တွင် e-Government Common Application စနစ်များအား ဝန်ဆောင်မှုပေးနိုင်ရန်နှင့် Sever Co-location များဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ အစိုးရဌာနအသီးသီးမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော e-Government လုပ်ငန်းစဉ်များအား ချိတ်ဆက် အသုံးပြုနိုင်ရန်နှင့် အစိုးရဗဟိုရုံးများ၊ ဝန်ကြီးဌာနအသီးသီးမှ e-mail, Electronic Document Management System (EDMS), Government Personnel Management System (GPMS), Civil Service ID Management System (CSMS), Myanmar National Portal, Video Conferencing အစရှိသည့် Common Application များအား ချိတ်ဆက် အသုံးပြုနိုင်ရန် ရည်ရွယ်ပါသည်။

(ဃ) **Information Access Center (IAC)**

ICT မှတဆင့် Knowladge economy ဆီသို့ ပါဝင်ဆောင်ရွက်နိုင်ရန်၊ e-Government အတွက် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သော ဝန်းကျင်ကောင်းကို ဖန်တီးနိုင်ရန်၊ G2C (Government to Citizen) အသုံးပြုနိုင်ရေးနှင့် ICT awareness ကို မြှင့်တင်ရန်၊ ပညာရေးတွင် ICT အသုံးပြုမှုကို မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်၍ ပြည်သူများမှ Internet အခမဲ့အသုံးပြုနိုင်ရန် Information Access Center (IAC) ကို တည်ဆောက်၍ ဝန်ဆောင်မှု ပေးထားလျက်ရှိပါသည်။

၉။ **Common Application။** အစိုးရအဖွဲ့အစည်းများအကြား သဘောသဘာဝတူညီသည့် လုပ်ငန်းများအား စုစည်းပေါင်းစပ်၍ မျှဝေအသုံးပြုနိုင်ရန် Common Application များကို အောက်ပါအတိုင်း ဝန်ဆောင်မှု ပေးလျက်ရှိပါသည်-

(က) **Government Personnel Management System (GPMS)**

အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ ဝန်ထမ်းရေးရာကိစ္စရပ်များအား ဗဟိုရုံးများနှင့် ICT နည်းပညာအသုံးပြု၍ ထိရောက်လျင်မြန်စွာ စီမံခန့်ခွဲနိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိပါသည်။ Government Personnel Management System (GPMS) စနစ်သည် အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ ဝန်ထမ်းရေးရာကိစ္စရပ်များအား IT နည်းပညာအသုံးပြု၍ ထိရောက် လျင်မြန်စွာ စီမံခန့်ခွဲနိုင်သော စနစ်တစ်ခု ဖြစ်ပါသည်။

(ခ) **Electronic Document Management System (EDMS)**

Document Management (create, register, send/receive, comment/ instruction, read/edit, and enclose) အပါအဝင် ရုံးလုပ်ငန်းများကို ထိရောက်စွာနှင့် လွယ်ကူလျင်မြန်စွာ စီမံခန့်ခွဲနိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိပါသည်။

(ဂ) **e–mail**

အစိုးရဗဟိုရုံးများနှင့် ဝန်ကြီးဌာနများအားလုံးမှ အသုံးပြုနိုင်ရန် ဝန်ဆောင်မှု ပေးလျက်ရှိသော e–mail စနစ်အား encryption ပြုလုပ်၍ အစိုးရအဖွဲ့ အစည်းများမှ လုံခြုံကောင်းမွန်စွာ အသုံးပြုနိုင်ရန် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

(ဃ) **e–Meeting**

ဝန်ကြီးဌာနမှ ကျင်းပပြုလုပ်သော အစည်းအဝေးများ ကျင်းပခြင်းများတွင် ICT နည်းပညာ အသုံးပြု၍ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရန် e–Meeting စနစ်အား တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။

(င) **Ministry Website**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၏ သတင်းများ၊ လုပ်ငန်းဆောင်ရွက်နေမှုများအား လွှင့်တင်၍ ပြည်သူလူထုသို့ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

(စ) **Civil Service ID Management System (CSMS)**

အစိုးရဌာနဆိုင်ရာများအားလုံး တစ်ပြေးညီအသုံးပြုနိုင်ရန်အတွက် ဝန်ထမ်းများ ဝန်ထမ်းစိစစ်ရေးကဒ်များကို Smart Card စနစ်ဖြင့် စတင်အသုံးပြုနိုင်ရန်၊ ဝန်ထမ်းများ၏ ကိုယ်ရေး

မှတ်တမ်း အချက်အလက်များအား စုစည်းသိမ်းဆည်း၍ မျှဝေအသုံးပြုနိုင်ရန်အတွက် Common Application Software ဖြစ်သော Civil Service ID Management Syatem စနစ်အား တည်ဆောက်၍ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

(ဆ) **e-Government Service Delivery Unit ဖွဲ့စည်းတည်ဆောက်ခြင်း စီမံကိန်း**

မြန်မာနိုင်ငံတွင် e-Government လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ planning, designing, implementing နှင့် marketing လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော အကြံဉာဏ်များ ပေးနိုင်စေရန် ရည်ရွယ်၍ ဖွဲ့စည်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

(ဇ) **Myanmar e-Government National Portal တည်ဆောက်ခြင်း စီမံကိန်း**

မြန်မာနိုင်ငံရှိ အစိုးရအဖွဲ့အစည်းများအသီးသီးမှ လွှင့်တင်ထားသော Website များ၊ e-Service များအား တစ်နေရာတည်းတွင် စုစည်း၍ ပြည်သူလူထုသို့ လွယ်ကူလျင်မြန်သော၊ ကောင်းမွန်ထိရောက်သော Single Window Public Services ဝန်ဆောင်မှုများပေးနိုင်ရန် ရည်ရွယ်၍ Myanmar National Portal တည်ဆောက်ခြင်းစီမံကိန်းအား ဆောင်ရွက်ပြီးစီးခဲ့ပြီး အစိုးရဌာန အသီးသီးမှ သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများကို ကိုယ်တိုင်ကျွမ်းကျင်စွာ လွှင့်တင်သွားနိုင်ရန် ရည်ရွယ်၍ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လအတွင်း Myanmar National Portal User Training သင်တန်းအား အစိုးရဌာနအဖွဲ့အစည်း အသီးသီးသို့ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး (၂၇-၉-၂၀၁၈) တွင် Myanmar National Portal အား Domain Name (www.myanmar.gov.mm) ဖြင့် လွှင့်တင်ခဲ့ပြီး ဖြစ်ပါသည်။[6]

၁၀။ e-Government စနစ်ကိုတွင်တွင်ကျယ်ကျယ် အသုံးပြု၍ လုပ်ငန်းဆောင်ရွက်ရာတွင် မလိုအပ်ဘဲ ကြန့်ကြာခြင်းနှင့် ကြိုးနီစနစ်ကြောင့်ရှုပ်ထွေးခြင်းတို့ကို ရှောင်ရှားနိုင်ရန် ပထမ အဆင့်အနေဖြင့် ပွင့်လင်းသောအစိုးရ (Open Government) ၊ ဒုတိယအဆင့်အနေဖြင့် စွမ်းရည် ပြည့်ဝသည့်အစိုးရ (Complement Government) ဖြစ်စေရန် အစိုးရဌာနအချင်းချင်း သတင်း အချက်အလက်များကို ဖလှယ်ခြင်းတို့အတွက် မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

---

[6] https://www.motc.gov.mm/my/e-government မှရရှိပါသည်။

e-Government စနစ် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်ရန် ကျွမ်းကျင်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည်လည်း အဓိကလိုအပ်ချက်များဖြစ်ပါသည်။[7]

၁၁။ e-Government စနစ်သည် "ရေရှည်လုပ်ငန်းစဉ်" များကို ချမှတ်ရမည့်အပြင် အချိန်တိုအတွင်း ရလဒ်ကောင်းများရရှိနိုင်မည့် Quick Win Service "ရေတိုလုပ်ငန်းစဉ်" များကိုလည်း ချမှတ်ရမည်ဖြစ်ပါသည်။ ထို့ကြောင့် ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် ဦးဆောင် ကော်မတီ (၁) ခုနှင့် ဆပ်ကော်မတီ (၈) ခုကို ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါ ဦးဆောင်ကော်မတီ (၁) ခုမှာ- e-ID စနစ်လုပ်ငန်း ကော်မတီ ဖြစ်ပြီး ဆပ်ကော်မတီ (၈) ခုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကြီးကြပ်ကွပ်ကဲမှု ဆပ်ကော်မတီ၊

(ခ) အခြေခံအဆောက်အဦ၊ စနစ်၊ ပုံစံနှင့် ဒီဇိုင်းဆပ်ကော်မတီ၊

(ဂ) ဝယ်ယူရေးနှင့် အစိုးရပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေး ဆပ်ကော်မတီ၊

(ဃ) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆပ်ကော်မတီ၊

(င) လုံခြုံရေးဆပ်ကော်မတီ၊

(စ) စံသတ်မှတ်ရေးဆပ်ကော်မတီ၊

(ဆ) သုတေသနနှင့် ဖွံ့ဖြိုးရေးဆပ်ကော်မတီ

(ဇ) ပြန်ကြားရေးနှင့် နိုင်ငံတကာပူးပေါင်း ဆောင်ရွက်ရေး ဆပ်ကော်မတီ စသည်ဖြင့် ဖွဲ့စည်းခဲ့ပါသည်။[8]

**e-Government အကောင်အထည်ဖော်ရာတွင် e-ID စနစ်၏ အရေးပါမှု**

၁၂။ e-ID စနစ်သည် e-Government အကောင်အထည်ဖော် ဆောင်ရွက်ရန် မရှိမဖြစ် လိုအပ်သည့် စနစ်တစ်ခုဖြစ်ပါသည်။ e-ID စနစ်၏ အခြေခံသဘောတရားမှာ ကိုယ်ရေးအချက်အလက်များကို ကွန်ပျူတာစနစ်ဖြင့် သိမ်းဆည်း၍ နံပါတ်တစ်ခုစီထုတ်ပေးခြင်းဖြစ်ပါသည်။ e-ID စနစ်စီမံကိန်းသည် နိုင်ငံသူ/ နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သည့် ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အရေးကြီးသည့် စီမံကိန်းတစ်ခုဖြစ်ပါသည်။ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုး

[7] နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် E-government ဦးဆောင်ကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်အမှာစကားပြောကြား https://www.statecounsellor.gov.mm/node/3507 မှရရှိပါသည်။

[8] ဒုတိယသမ္မတ ဦးမြင့်ဆွေ e-Government ဦးဆောင်ကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား ၂၀၁၈ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှရရှိပါသည်။

တိုးတက်ရေး ရည်မှန်းချက်တွင် သက္ကရာဇ် ၂၀၃၀ ပြည့်နှစ်၌ လူတိုင်းမွေး စာရင်းအပါအဝင် မှတ်ပုံတင် (၁) ခု ရရှိရေးအပြင် မြန်မာနိုင်ငံအတွင်း နေထိုင်သူများအား Unique ID တစ်ခုစီ ထုတ်ပေးရန်၊ National Database တည်ဆောက်ရန်နှင့် နိုင်ငံသားစိစစ်ရန် လုပ်ငန်းများ ပါဝင်ပါသည်။[9]

**ဝန်ကြီးဌာနများအလိုက် e-Government စနစ်ဖော်ဆောင်မှုများ**

၁၃။ **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။** စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူလျင်မြန်စေရန် အတွက် ကုန်သွယ်မှုဆိုင်ရာ ငွေပေးချေမှုလုပ်ငန်းများကို ယခင်က မြန်မာနိုင်ငံသားများ ဘဏ်တွင် e-Payment စနစ်ဖြင့် လက်ခံဆောင်ရွက်ခဲ့ရာ အချိန်ကြန့်ကြာမှုများဖြင့် ကြုံတွေ့ခဲ့ရ ပါသည်။ ယခုအခါ e-Government စနစ်ကို လိုက်ပါကျင့်သုံး ဆောင်ရွက်နေသည်ဖြစ်သည့် အတွက် (Myanmar Payment Union-MPU) ဖြင့် ချိတ်ဆက်၍ ဘဏ် (၂၃) ဘဏ် ချိတ်ဆက် ဆောင်ရွက်ခဲ့ရာ လွယ်ကူလျင်မြန်လာစေပါသည်။[10]

၁၄။ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန။** သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် အစိုးရ၏ e-Government System တစ်ခု ဖြစ်သည့် (Electronic Document Management System- EDMS) စနစ်အား အသုံးပြု၍ စာပေးစာယူလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ သစ်တောဦးစီးဌာနတွင် ရုံးသုံး Customised Application (e-Data)၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီး ဌာနတွင် ၁ ခု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနတွင် ၄ ခု (Integrated Accounting, Pay Roll, General Ledger and Government) နှင့် မြန်မာ့သစ်လုပ်ငန်းတွင် Application ၅ ခု (Inventory, Fixed Assets Register, Vehicle and Fuel Management, Budget & Expenses, Documentation

[9] နှစ်ကြိမ်လုပ်လို့မရသော e-ID စနစ်တည်ဆောက်ရေး ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် ကြေးမုံသတင်းစာ စာမျက်နှာ (၁၀) မှရရှိပါသည်။

[10] ကုန်သွယ်မှုလျှင်မြန်ချောမွေ့စေရေးအတွက် E-Government စနစ်တွင် ပြောင်းလဲလိုက်ပါဆောင်ရွက်မှု https://www.commerce.gov.mm/my/article/ မှရရှိပါသည်။

System) တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။[11] သစ်တောဦးစီးဌာနအနေဖြင့်လည်း ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအား Online စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၁၅။ **ပညာရေးဝန်ကြီးဌာန။** **ပညာရေးဝန်ကြီးဌာနသည်** e-Government စနစ်ကို ထိရောက်စွာ အသုံးပြုနိုင်ရန်အတွက် Civil Service ID စနစ်တည်ဆောက်ခြင်းနှင့် ဝန်ကြီးဌာန၏ Staff Database တည်ဆောက်ခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ သတင်းအချက်အလက်များ မှန်ကန်မြန်ဆန်စွာရရှိ အသုံးပြုနိုင်ရေးအတွက် Database တည်ဆောက်ခြင်း၊ တက္ကသိုလ်များကို Manage လုပ်နိုင်သော Official Website များ တည်ဆောက်ခြင်း၊ ၎င်း Website များအားလုံးကို Site Integration ပြုလုပ်ပြီး ပညာရေးဝန်ကြီးဌာန၏ Domain Name နှင့် Web Portal ကို အဆင့်မြှင့်တင်ကာ ပြည်သူလူထုနှင့် ကျောင်းသား/သူများကို ဝန်ကြီးဌာန Web Portal မှ e-Service များတပ်ဆင်ပြီး ဝန်ဆောင်မှုများ ပေးခြင်းဖြစ်ပါသည်။[12]

**တိုင်းဒေသကြီးအလိုက် e-Government စနစ်ဖော်ဆောင်နေမှု အခြေအနေများ**

၁၆။ **ရန်ကုန်တိုင်းဒေသကြီး။** ရန်ကုန်တိုင်းဒေသကြီးတွင် e-Government လုပ်ငန်းစဉ်ကို ၂၀၁၃ ခုနှစ် မှစတင်၍ စမ်းသပ်ဆောင်ရွက်ခဲ့ပြီး eyangon.gov.mm website တွင် ဝန်ဆောင်မှု (၁၁) မျိုးကို ဆောင်ရွက်လျက်ရှိပုံကို ဖော်ပြထားပါသည်-

(က) စက်သုံးဆီအရောင်းဆိုင်ဖွင့်လှစ်ခွင့်၊

(ခ) သိုလှောင်ကန်အသစ် တည်ဆောက်ခွင့်၊

(ဂ) သိုလှောင်ခွင့်လိုင်စင်လျှောက်ထားခွင့်၊

(ဃ) မော်တော်ကား အရောင်းစင်တာ ဖွင့်လှစ်ခွင့်၊

(င) တိုင်းဒေသကြီးအတွင်း ကုမ္ပဏီများမှ မော်တော်ယာဉ်တင်သွင်းခွင့်၊

(စ) ဝယ်ယူခွင့် လျှောက်ထားခြင်းအတွက် Car Parking ထောက်ခံလျှောက်လွှာ၊

(ဆ) စက်သုံးဆီတင်သွင်းခွင့်၊

(ဇ) ကုမ္ပဏီအမည်ပြောင်းခွင့်၊

[11] ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ e-Government အကောင်အထည်ဖော်ရေး ဆောင်ရွက်မှုများ http://www.monrec.gov.mm/?q=agenda/57 မှရရှိပါသည်။

[12] ဝန်ကြီးဌာန၏ Staff Database လျင်မြန်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး ညှိနှိုင်းအစည်းအဝေး http://www.moe-st.gov.mm/?q=1838 မှရရှိပါသည်။

(ဈ) ဘာသာရေးဆိုင်ရာပွဲတော်များ ကျင်းပခွင့်၊

(ည) မြေဂရန်သက်တမ်းတိုးခွင့် နှင့်

(ဋ) မြေဂရန်လျှောက်ထားခွင့် စသည့်တို့ဖြစ်ပါသည်။[13]

၁၇။ **မန္တလေးတိုင်းဒေသကြီး။** မန္တလေးတိုင်းဒေသကြီးတွင် e-Government စနစ်ကို ၂၀၁၇ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီး e-Mandalay Web Portal ကို အများပြည်သူ အသုံးပြုနိုင်ရန် လွှင့်တင်ခဲ့ပါသည်။ Web Portal ထူထောင်ခြင်း၏ အဓိက ရည်ရွယ်ချက်မှာ အစိုးရဌာနများ၏ လုပ်ငန်းများနှင့် သတင်းအချက်အလက်များကို အလွယ်တကူ လျင်မြန် ရယူနိုင်ရန်နှင့် လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။ ထို့ပြင် Web Portal ထူထောင်ခြင်း၏ အကျိုးကျေးဇူးများအနေဖြင့် လာဘ်ပေးလာဘ်ယူမှုများ ကင်းရှင်းစေခြင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် စီမံခန့်ခွဲမှုလုပ်ငန်းများ အတွက် အကျိုးကျေးဇူးသက်ရောက်မှုရှိစေခြင်း၊ လူ့စွမ်းအားများ၊ အချိန်များမလိုအပ်ဘဲဆုံးရှုံး နေရခြင်းကို လျော့နည်းသွားစေခြင်း၊ မသန်စွမ်းသူများအတွက်လည်း အဆင်ပြေစေခြင်း၊ ယာဉ်ကြောရှုပ်ထွေးမှုများ လျော့နည်းသွားစေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ် ပါသည်။[14]

၁၈။ **မကွေးတိုင်းဒေသကြီး။** မကွေးတိုင်းဒေသကြီးတွင် ပြည်သူ့ဗဟိုပြု ဝန်ဆောင်မှု လုပ်ငန်းများကို e-Government စနစ်ဖြင့် အကောင်အထည်ဖော်ခြင်းအားဖြင့် ဒေသ၏စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှု၊ လုပ်ငန်းဆောင်ရွက်မှုစသည့် ဝန်ဆောင်မှု (၁၇) မျိုးကို ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါဝန်ဆောင်မှုလုပ်ငန်း (၁၇) မျိုးမှ Application Form များကိုရယူနိုင်ပြီး သက်ဆိုင်ရာသို့ တိုက်ရိုက်လျှောက်ထားနိုင်မည် ဖြစ်ပါသည်။[15]

၁၉။ **ပဲခူးတိုင်းဒေသကြီး။** ပဲခူးတိုင်းဒေသကြီးတွင် e-Government လုပ်ငန်းစဉ်များ အောင်မြင်နိုင်ရေးအတွက် ပြည်သူများသိရှိနားလည်လာစေရန် အသိပညာပေးခြင်းများ e-Government System အသုံးပြု၍ ပြည်သူများအတွက် Digital Bill Board ဖြင့် အစိုးရ၏

[13] ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ e-Government စနစ် တိုးချဲ့ဖော်ဆောင်နေ https://myanmar.mmtimes.com/news/103648.html မှရရှိပါသည်။

[14] E-Government စနစ်စတင်ခြင်းအတွက် e-MANDALAY WEB PORTAL http://www.emandalay.gov.mm/committee-s-news/1008-egovnews8.html မှရရှိပါသည်။

[15] မကွေးတိုင်းတွင် e-Government ဗဟိုထိန်းချုပ်ရုံးခန်းဖွင့်လှစ် http://burmese.dvb.no/archives/282795 မှရရှိပါသည်။

ဆောင်ရွက်မှုများ၊ အသိပေးထုတ်ပြန်ချက်များ၊ ယာဉ်လမ်းအန္တရာယ်ကင်းရှင်းစေရေး CCTV ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပါသည်။ အစိုးရဌာနများတွင်လည်း e-Government စနစ်၏ အခြေခံဖြစ်သော e-Office System စတင်ဆောင်ရွက်လျက်ရှိပြီး Local Network များလည်း ချိတ်ဆက်ထားပြီးဖြစ်၍ ပြည်ထောင်စုအဆင့် e-Government စနစ်နှင့် လွယ်ကူစွာ ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။[16]

**အစိုးရနှင့် ပြင်ပအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုများ**

၂၀။ Myanmar e-Governance Master Plan ရေးဆွဲရေးကို အာရှဖွံ့ဖြိုးတိုးတက်မှုဘဏ် (Asia Development Bank-ADB) ၏ အထောက်အပံ့နှင့် ၂၀၁၄ ခုနှစ်၊ မတ်လတွင် ရေးဆွဲခဲ့ပါသည်။[17] ထို့ပြင် ADB ၏ အစီအစဉ်ဖြင့် အိန္ဒိယနိုင်ငံမှ ပညာရှင်များ၊ ဝန်ကြီးဌာနများ၊ လုပ်ငန်းရှင်အဖွဲ့များ၊ သုတေသနအဖွဲ့အစည်းများနှင့်အတူ ပြည်တွင်းပြည်ပမှ e-Government နှင့် ICT နည်းပညာကျွမ်းကျင်ပညာရှင်များ ပူးပေါင်း၍ ကမ္ဘာ့နိုင်ငံအသီးသီး၏ အတွေ့အကြုံကောင်းများနှင့် နှိုင်းယှဉ်လေ့လာ၍ ရေးဆွဲခဲ့ပြီးဖြစ်ပါသည်။[18]

၂၁။ အစိုးရဌာန၊ အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုများနှင့် သတင်းအချက်အလက်များကို တစ်နေရာတည်းတွင် လွယ်ကူစွာအသုံးပြုနိုင်ရေးအတွက် Myanmar National Portal ကို ၂၀၁၈ခုနှစ်၊ စက်တင်ဘာလတွင် အောင်မြင်စွာ စတင်လွှင့်တင်နိုင်ခဲ့ပါသည်။ ထို့ပြင် e-Government လုပ်ငန်းများအတွက် နည်းပညာစံတစ်ခုဖြစ်သည့် မြန်မာ Unicode Font ကို ဝန်ကြီးဌာနများတွင် အသုံးပြုရန်အတွက် ညွှန်ကြားချက်ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလက ထုတ်ပြန်ခဲ့ပါသည်။ International Standard Organization (ISO) 10646 နှင့် ကိုက်ညီသည့် မြန်မာ Unicode ကို အမျိုးသားစံချိန်စံညွှန်းကောင်စီမှ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အတည်ပြုထုတ်ပြန်နိုင်ခဲ့ပါ

[16] ပဲခူးတိုင်းဒေသကြီး e-Government လုပ်ငန်းစဉ်များ အောင်မြင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ် ၂၀၁၉ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ ပဲခူးမြို့နယ် သတင်းမှတ်တမ်းများမှ ရရှိပါသည်။ http://www.bagoregion.gov.mm/?p=14764

[17] E-Government စနစ်စီမံကိန်း ၂၀၁၅ ခုနှစ်၊ မတ်လအမီ ရေးဆွဲနိုင်ရန် လုပ်ဆောင်လျက်ရှိ https://myanmar.mmtimes.com/national-news/12639-e-government.html မှရရှိပါသည်။

[18] E-Government အဆင့်တိုးလာသော်လည်း လုပ်ငန်းတိုးတက်မှုရှိရန်လိုဟု ဒုသမ္မတ ဦးမြင့်ဆွေပြော https://mynews.com.mm/82006 မှရရှိပါသည်။

သည်။ အဆိုပါစံစနစ်ကို ယခုနှစ် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်၍ မြန်မာနိုင်ငံတစ်ဝန်း ပြောင်းလဲသုံးစွဲခဲ့ပါသည်။[19]

**ဥပဒေပိုင်းဆိုင်ရာ ဆောင်ရွက်ချက်များ**

၂၂။ မြန်မာနိုင်ငံတွင် e-Government လုပ်ငန်းစဉ်နှင့် စပ်လျဉ်းသည့် ဥပဒေ (၃) ခုကို ပြဋ္ဌာန်းထားပါသည်။ ကွန်ပျူတာဖွံ့ဖြိုးရေး ဥပဒေ (၁၉၉၆ ခုနှစ်)၊ အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေ (၁၉၇၅ ခုနှစ်)၊ ဆက်သွယ်ရေးဥပဒေ (၂၀၁၃ ခုနှစ်) ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။ မြန်မာနိုင်ငံတွင် အွန်လိုင်းနှင့် IT ဝန်ဆောင်မှုများ ရေရှည်ဆောင်ရွက်သွားနိုင်ရန် Cyber Law နှင့် Policy များလိုအပ်လျက်ရှိပါသည်။ Cyber Law မူကြမ်းကို ရေးဆွဲလျက်ရှိပြီး Cyber Security, e-Government, e-Commerce နယ်ပယ်တို့နှင့် သက်ဆိုင်မှုများကို ထည့်သွင်းရေးဆွဲပြီး Cyber Law တစ်ခုဖြစ်ပေါ်လာစေရန် သက်ဆိုင်သည့်ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။[20]

**ကြုံတွေ့နေရသည့် အခက်အခဲများနှင့် လိုအပ်ချက်များ**

၂၃။ e-Government စနစ်ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုအပိုင်းတွင် အားနည်းခြင်း၊

(ခ) ပြုပြင်ပြောင်းလဲမှုနှင့်အညီ လိုက်ပါနိုင်စွမ်းမရှိသည့် အင်အားစုများရှိခြင်း၊

(ဂ) လုံလောက်သည့် မူဝါဒများချမှတ် ဆောင်ရွက်ရန် လိုအပ်ခြင်း၊

(ဃ) အားကောင်းသည့် အဖွဲ့အစည်းများ ဖွဲ့စည်းတာဝန်ပေးမှုမရှိခြင်း၊

(င) ဗဟိုမှဦးစီးကြပ်မတ်မှုမရှိခြင်း၊

(စ) တိကျကောင်းမွန်သည့် "စံ" စနစ်တစ်ခုအပေါ်တွင် အခြေခံတည်ဆောက်မှု မရှိခြင်း၊

(ဆ) Master Plan များ ရေးဆွဲနိုင်သော်လည်း အကောင်အထည်ဖော်ဆောင်မှုမပြုနိုင်ခြင်း၊

(ဇ) သက်ဆိုင်ရာဌာနအလိုက် ဝန်ထမ်းအကြီးအကဲများ၏ အားပေးမှုနည်းပါးခြင်း၊

---

[19] နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ (၁) နှစ်တာ လမ်းပန်းဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာကဏ္ဍ အဆင့်မြှင့်တင်ခြင်းဖြင့် နိုင်ငံ့အကျိုးသယ်ပိုး မှရရှိပါသည်။

[20] E-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး ၂၀၁၉ခုနှစ်၊ မေလ ၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၆ မှရရှိပါသည်။

(ဈ) နည်းပညာကျွမ်းကျင်မှု အားနည်းခြင်း၊ သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများတွင်လည်း e-Government လုပ်ငန်းစီမံကိန်းများကို အားပေးဖော်ဆောင်သည့် ဥပဒေ၊ နည်းဥပဒေ အတိအကျမရှိခြင်း တို့ဖြစ်ပါသည်။

၂၄။ Policy Maker Level နှင့် အဆင့်တိုင်းတွင် Digital Literacy ဖြစ်ရန်လိုအပ်ပါသည်။ ရေရှည်လုပ်ငန်း ဖြစ်သည့်အတွက် ဌာနများတွင် ICT သင်တန်း တက်ပြီးသူများနှင့် စိတ်ပါဝင်စားသူများကို သီးသန့်တာဝန်ပေးရန် လိုအပ်ပါမည်။ e-Government စနစ်သည် အချိန်နှင့်တစ်ပြေးညီ အစဉ်အမြဲ update ဖြစ်စေရန်လိုအပ်ပြီး နောက်ဆုံးပြည်သူများ ပါဝင်လာသည်အထိ ဆောင်ရွက်ရန် လိုအပ်ပါသည်။ ချိတ်ဆက်ဆောင်ရွက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရန် လိုအပ်ပါသည်။

**e-Government စနစ်၏ အကျိုးကျေးဇူးများ**

၂၅။ e-Government စနစ်သည် နည်းပညာအားသာချက်ကို အသုံးပြု၍ အစိုးရ၏လုပ်ငန်းများ ပိုမိုထိရောက် အောင်မြင်အောင် ဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။ e-Government စနစ်ကို အသုံးပြုခြင်းဖြင့် အောက်ပါအကျိုးကျေးဇူးများကို ရရှိစေနိုင်ပါသည်-

(က) အစိုးရယန္တရား၏ လုပ်ငန်းအဆင့်ဆင့်ကို လျှော့ချနိုင်ခြင်း၊

(ခ) ကုန်ကျစရိတ်ပိုမို သက်သာစေခြင်း၊

(ဂ) တာဝန်ယူမှု၊ တာဝန်ခံမှု မြင့်မားအောင်ဆောင်ရွက်နိုင်ခြင်း၊

(ဃ) ပြည်သူလူထု၏ တုံ့ပြန်မှုကို အလွယ်တကူ စစ်တမ်းကောက်ယူနိုင်ခြင်း၊

(င) အစိုးရ၏ ဆုံးဖြတ်ချက်ချမှု လုပ်ငန်းများတွင် ပြည်သူလူထု၏ ပါဝင်မှုရယူနိုင်ပြီး ဒီမိုကရေစီဖော်ဆောင်ရေးတွင် အထောက်အကူပြုနိုင်ခြင်း၊

(စ) အစိုးရနှင့် အနယ်နယ်အရပ်ရပ်ရှိ ပြည်သူများအကြား အလှမ်းကွာဝေးမှုကိုလျှော့ချနိုင်ခြင်း၊

(ဆ) ကြိုးနီစနစ်ကိုလျှော့ချနိုင်ခြင်း၊

(ဇ) အဂတိတရားကင်းရှင်းစေခြင်း၊

(ဈ) လူ့စွမ်းအားအရင်းအမြစ်များ အသုံးချမှုလျော့ကျစေခြင်းများအပြင် နည်းပညာကျွမ်းကျင်ပညာရှင်များပေါ်ပေါက်လာခြင်းကြောင့် အကျိုးကျေးဇူးများ ရရှိလာစေနိုင်ပါသည်။ ထို့ပြင် ပြည်သူများသည် အချက်အလက်များကို ရယူသုံးစွဲနိုင်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖန်တီးနိုင်ပြီး စီးပွားရေးလုပ်ငန်းများကို အထောက်အကူပြု စေနိုင်မည်ဖြစ်ပါသည်။

**ပညာရှင်များ၏အမြင်**

၂၆။ e-Government ဌာန၏ ဒါရိုက်တာ တစ်ဦးဖြစ်သူ ဒေါ်နွယ်နီစိုးရင်က e-Government လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လက်ရှိအခြေအနေအရ အောင်မြင်အောင်ဆောင်ရွက်နိုင်ခြင်း မရှိသေးသည်မှာ ရည်မှန်းချက်ကိုရှင်းလင်းစွာ မသိရှိခြင်း၊ အစိုးရဌာနများ၏ ထိပ်တန်းခေါင်းဆောင်များ၏ ထောက်ခံမှု အားနည်းနေခြင်း၊ ဘဏ္ဍာငွေလုံလောက်စွာမရရှိခြင်း ၊[21] လက်ရှိတွင် အသက်ဝင်နေသည့် ဥပဒေများသည် ခေတ်နှင့်လျော်ညီမှုမရှိသဖြင့် e-Government အကောင်အထည်ဖော်ဆောင်ရန် ခက်ခဲနေခြင်းနှင့် “လူ” အားကိုးသည့်စနစ်မှ “မှု” အားကိုးသည့်စနစ်သို့ ပြောင်းလဲရာတွင် ဥပဒေခိုင်မာမှုရှိရန် အထူးအရေးကြီးပါသည်ဟု ပြောကြားခဲ့ပါသည်။[22]

၂၇။ (Myanmar ICT for Development Organization – MIDO) မှအမှုဆောင် ဒါရိုက်တာ ကိုနေဘုန်းလတ်က e-Government စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ဌာန၏ လုပ်ငန်းဆောင်တာများသည် အွန်လိုင်းနှင့် စက်ပစ္စည်းများပေါ်တွင် အခြေခံမည်ဖြစ်ကာ လက်ရှိ အစိုးရဌာနများ၏ လုပ်ငန်းများမှာလည်း များစွာပြောင်းလဲသွားမည်ဖြစ်ပြီး စက်ပစ္စည်းများ အစားထိုးအသုံးပြုလာသည့်အတွက် ဝန်ထမ်းများ၏ လုပ်အားများသာမက လုပ်ငန်းကြန့်ကြာမှုများလည်း သက်သာလာမည်ဖြစ်သည်ဟု ပြောကြားထားပါသည်။

၂၈။ မြန်မာနိုင်ငံ ကွန်ပျူတာ အသင်းချုပ်မှ အလုပ်အမှုဆောင် ဦးဇော်မင်းဦးက ပြည်သူများ အနေဖြင့်လည်း e-Government ကိုတွင်ကျယ်စွာ အသုံးပြုနိုင်ရန် အခြေခံဗဟုသုတရှိဖို့ လိုအပ်ပါသည်ဟုလည်း ပြောကြားထားပါသည်။[23]

[21] ကမ္ဘာ့ဘဏ်ချေးငွေနှင့် ဆောင်ရွက်နေတဲ့ Cyber Law http://www.mobileguidemm.com/e-gov/ မှရရှိပါသည်။
[22] စိန်ခေါ်မှုများနှင့် e-Government အတွဲ (၁၆)၊ အမှတ် (၃၆) http://www.7daydaily.com/story/113175 မှရရှိပါသည်။
[23] မြန်မာနိုင်ငံ၏ e-government ဖွံ့ဖြိုးမှု http://archive-1.mizzimaburmese.com/edop/commentary/13328-e-government---.html မှရရှိပါသည်။

## နိဂုံး

၂၉။ e-Government ဖော်ဆောင်ခြင်းဖြင့် အစိုးရယန္တရား စနစ်ဖွံ့ဖြိုးတိုးတက်လာရေး၊ နိုင်ငံတော်လုံခြုံရေး၊ စီးပွားရေးကောင်းမွန်ရေး၊ ဒီမိုကရေစီ ခိုင်မာအားကောင်းရေး၊ ပွင့်လင်းမြင်သာမှုရှိပြီး အဂတိကင်းစင်ရေးစသည့် အစိုးရယန္တရားစနစ်ကောင်းများ ဖြစ်ထွန်းလာစေမည်ဖြစ်ပါသည်။ e-Government စနစ် အကောင်အထည်ဖော်မှုကို အထောက်အပံ့ဖြစ်သော ခိုင်မာအားကောင်းသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းရန် လိုအပ်ပါသည်။ e-Government စနစ်တိုးတက်ကောင်းမွန်လာပါက ဒီမိုကရေစီအစိုးရ၏ ဆောင်ရွက်ချက်များကို ပြည်သူလူထုမှ ပိုမိုယုံကြည်လာပြီး ပြည်သူလူထု အားထားရသည့် အစိုးရတစ်ရပ်ဖြစ်လာမည်ဖြစ်ပါသည်။[24] အဆိုပါလိုအပ်ချက်များ ပြည့်မီပါက အီလက်ထရောနစ် အစိုးရနှင့် ပွင့်လင်းမြင်သာသည့် သတင်းအချက်အလက်များဆိုင်ရာ ဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

သုတေသနဌာန

ပြည်သူ့လွှတ်တော်ရုံး

**ဤစာတမ်းတိုအား ဒေါ်ထားထားချို (အကြီးတန်းစာရေး) မှ တာဝန်ယူရေးသား၍ သုတေသနဌာန မှ အရာထမ်းအဆင့်ဆင့်က ဝိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။**

[24] e-Government ဆိုတာ နိုင်ငံတော်တစ်ခုလုံးနဲ့ဆိုင်တယ် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၃ မှရရှိပါသည်။

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅